
စိတ်ကူးချိုချိုအနုပညာ



# တစ်ကမ္ဘာလုံးဆိုင်ရာ အထိမ်းအမှတ်နေ့ ဂုဏ်ပြုစာစီစာကုံးများ

ဖြိုးသာရ

ဒုတိယအကြိမ် ဖြည့်စွက် တည်းဖြတ်ထုတ်ဝေခြင်း

mgyoe.com




တစ်ကမ္ဘာလုံးဆိုင်ရာ
အထိမ်းအမှတ်နေ့
ဂုဏ်ပြုစာစီစာကုံးများ

PTY0004
1,500.00 KS

mgyne.com

mgyoe.com

တစ်ကမ္ဘာလုံးဆိုင်ရာအထိမ်းအမှတ်နေ့ ဂုဏ်ပြုစာစီစာကုံးများ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၁၆၀၆၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၂၈၀၂၀၇ တို့ဖြင့်

မျက်နှာဖုံးကို **ဘ.ဗ.ဝ** ပြုလုပ်၍ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ်အဖြစ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ မတ်လတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


စာစီစာကုံး ပြုစုသူ၏အမှာ ၃

၁။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် ၄
တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့
**ကာကွယ်တားဆီး မူးယစ်မီး**

၂။ ကမ္ဘာ့လူဦးရေနေ့ ၁၁
**၂၁ ရာစုတို့အားပြုံ လူငယ်ပျိုရွယ်ကျန်းမာမှု**

၃။ ကမ္ဘာ့ကြက်ခြေနီနေ့ ၁၈
**ကျေးရွာအရောက် ခရီးပေါက်ရမည်**

၄။ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ ၂၄
**စိမ်းလန်းစိုပြည် ကမ္ဘာမြေဆီသို့**

၅။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ၃၂
**စပေါင်းလုပ် စပေါင်းယူ သမဝါယမမှု**

၆။ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ၄၀
**ကျေးဇူးအနန္တ သဘာဝနို့ရည်**

၇။ ကမ္ဘာ့ရေ သယံဇာတနေ့ ၄၈
**ရေကိုရှင်းနိုး ပြည်ကြီးသာယာ**

၈။ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ၅၆
**ပန်းများခေစည်း ပွင့်နေပြီ**

၉။ ကမ္ဘာ့အိုဇုန်းလွှာ ကာကွယ်ရေးနေ့ ၆၆
**ကာကွယ်ကြနို့ တို့မြေကမ္ဘာ**


mgyoe.com

mgyoe.com

၁၀။ ကမ္ဘာ့ကျန်းမာရေးနေ့ ၇၃

**အားလုံးအတွက် ကျန်းမာရေး**

၁၁။ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ၈၂

**ဆေးလိပ်ကင်းစင် ကမ္ဘာတစ်ခွင်**

၁၂။ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ၈၉

**အေအိုင်ဒီအက်စ်တွန်းလှန်ဖျက် လက်တွဲညီညာဆောင်ရွက်ပါ**

၁၃။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ၉၅

**မသန်စွမ်း၊ အုံမခန်း၊ လှုပ်ရှားစွမ်းပြရမည်**

၁၄။ ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ ၁၀၂

**သက်ကြီးရွယ်အိုဘဝကို၊ ရှိပြည်စေဖို့ ကြိုးပမ်းနို့**

၁၅။ ကမ္ဘာ့စာပို့တိုက်နေ့ ၁၀၉

**စာပို့တိုက်များ၏ စွမ်းပကား**

၁၆။ ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ ၁၁၆

**အမြင်သန်စွမ်း၊ တိုးအခွင့်အလမ်း ၂၀၂၀ အရောက်လှမ်း**

၁၇။ ကမ္ဘာ့စားနပ်ရိက္ခာနေ့ ၁၂၂

**ဆင်းရဲအကျွ ပျော့စေဖို့ ရိက္ခာပိုမိုထုတ်ကြစို့**

၁၈။ ကမ္ဘာ့ကုလသမဂ္ဂနေ့ ၁၂၈

**ကမ္ဘာ့ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ**

၁၉။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ၁၃၇

**ကမ္ဘာတွင် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ**

◆

mgyoe.com

mgyoe.com

# စာစီစာကုံးပြုစုသူ၏အမှာ

ဤတစ်ကမ္ဘာလုံးဆိုင်ရာ အထိမ်းအမှတ်နေ့ စာစီစာကုံးများကို ၂၀၀၆ မတ်လတွင် ပြုစုခဲ့ခြင်းဖြစ်သည်။ အထိမ်းအမှတ်နေ့နှင့်ပတ်သက်သော အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလကို တတ်နိုင်သမျှ ရှာဖွေတင်ပြထားပြီး အနာဂတ် ကာလကို ရည်ညွှန်းရေးသားထားပါသည်။

ဤစာစီစာကုံးများကို မှီငြမ်းကိုးကား၍ ရေးသားကြမည့် ကျောင်းသူ ကျောင်းသားများအနေဖြင့် မိမိရေးသားသောခုနှစ်ကို မျက်ခြည်မပြတ် ရန်လိုပါသည်။ လက်ရှိအခြေအနေကို ထည့်သွင်းဖြည့်စွက်ရေးသားရပါမည်။ ယနေ့အနာဂတ်မှာ နောင်တွင် ပစ္စုပ္ပန်သော်လည်းကောင်း၊ အတိတ်သော် လည်းကောင်း ဖြစ်လာမည်ဖြစ်သည်။

တစ်နှစ်နှင့်တစ်နှစ် ပြောင်းလဲသတ်မှတ်သော ဆောင်ပုဒ်များနှင့် ကိုက်ညီရန် ပြုပြင်ရေးသားရပါမည်။ စာစီစာကုံးသည် ကျက်စာမဟုတ်ဟုဆိုသော် လည်း အထိမ်းအမှတ်နေ့ စာစီစာကုံးများကမူ ကျက်မှတ်သိရှိသင့်သော အချက်အလက်များနှင့် ဖွဲ့စည်းထားရှိသည့်အတွက် ဖတ်ရုံဖြင့်မရပါ။ မှတ်သား ကြရမည် ဖြစ်ပါသည်။ ဆက်လက်ရှာဖွေ လေ့လာဆည်းပူးကြရပါမည်။ တစ်ကမ္ဘာတစ်ရွာခေတ်တွင် မြန်မာတိုင်းသည် ကမ္ဘာနှင့် အလှမ်းမကွာ ထိတွေ့ ဆက်စပ်ပူးပေါင်းလက်တွဲသွားရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော အထိမ်းအမှတ်နေ့ကြီးများကို ကမ္ဘာသူ ကမ္ဘာသားပီပီ သိရှိနားလည် ခံယူပြီး ကြိုဆိုဂုဏ်ပြုကြရမည် ဖြစ်သည်။

ဤစာစီစာကုံးများသည် ကျောင်းသင်ဘာသာရပ်များဖြင့် လုံးထွေး၍ ပြင်ပဗဟုသုတ ရှာမှီးချိန် နည်းပါးသော ကျောင်းသူကျောင်းသားများအတွက် အားဖြည့်အထောက်အကူ ပြုနိုင်မည်ဟု ယုံကြည်ပါသည်။

ယူတတ်ကြပါစေ။

ငြိမ်းသာရ

mgyoe.com

mgyoe.com

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (ဇွန်လ ၂၆ ရက်)

**ပါဝင်ရမည့်အချက်များ**

**နိဒါန်း** - မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသည့် ပြဿနာဖြစ်ကြောင်း။

**စာကိုယ်** - အမျိုးသားရေးတာဝန်အဖြစ်ခံယူ
- နိုင်ငံတကာနှင့် လက်တွဲတိုက်ဖျက်
- မြန်မာနယ်စပ်မှ နယ်ချဲ့ဆိုးမွေ
- သမ္မာအာဇီဝလုပ်ငန်းများဖြင့် အစားထိုး
- အထိမ်းအမှတ်နေ့ကြို့ဆို မီးရှို့ဖျက်ဆီးပွဲကျင်းပ
- ဘိန်းအစားထိုးသီးနှံများနှင့် လိုငွေပံ့ပိုး၊ ဘိန်းစိုက်တောင်သူ များ
- စိတ်ကြွရူးသွပ်ဆေးပြားများအန္တရာယ်
- ဓာတုပစ္စည်းများ ထိန်းသိမ်းခြင်း အမိန့်ကြော်ငြာစာထုတ်
- နယ်စပ်ဒေသနှင့် တိုင်းရင်းသားတို့ ဖွံ့ဖြိုးရေးအောင်မြင်။

**နိဂုံး** - နိုင်ငံတကာနှင့် လက်တွဲ၊ နိုင်ငံတကာမှ ငြင်းဆိုမရသောသက်သေများဖြင့် မှတ်တိုင်ထူ။

mgyoe.com

mgyoe.com

# ကာကွယ်တားဆီး မူးယစ်မီး

မူးယစ်ဆေးဝါးသည် 'မီး' ဖြစ်သည်။ မူးယစ်မီး၏ အန္တရာယ်ကား ကြီးမားလွန်းလှသောကြောင့် တစ်ကမ္ဘာလုံး၏ ရန်သူတော်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက ကာကွယ်တားဆီးလျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံသည်လည်း မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပြည်သူနှင့် တပ်မတော်လက်တွဲကာ အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသည့်ပြဿနာဖြစ်ခြင်းကြောင့် လူသားအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့် တစ်ခု အပြန်အလှန်နားလည်မှုရှိဖြင့် အကျိုးတူပူပေါင်းဆောင်ရွက်မှသာ ယင်းပြဿနာကို ဖြေရှင်းနိုင်မည် ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် အလှည့်ကျ အစည်းအဝေးများ ကျင်းပခြင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေး

mgyoe.com

mgyoe.com

ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်လျက်ရှိရာ ၂၀၀၅ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဒုတိယအကြိမ် အာဆီယံနှင့် တရုတ် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး နိုင်ငံတကာ ညီလာခံနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမ်မြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်းများဖြစ်သည့် MOU (၆)နိုင်ငံတို့အားပေါင်းစည်း၍ ဒေသခွဲအတွင်း မူးယစ်ကင်းမဲ့ဇုန် ဖြစ်လာစေရန် ပူးပေါင်းဆောင်ရွက်လျက် UNODC ၏ နည်းပညာဖွံ့ဖြိုးမှု အလှူရှင်နိုင်ငံများ၏ ပံ့ပိုးမှု MOU နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု တိုက်ဖျက်ရာတွင် မြန်မာ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံအတွင်းရှိ တိုင်းရင်းသား ပြည်သူအားလုံးကလည်း အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ကိုင်ပိုင်စွမ်းအားများဖြင့် ဝိုင်းဝန်းကူညီနှိမ်နင်း တိုက်ဖျက်သွားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသနေ ညီအစ်ကို တိုင်းရင်းသားများသည် နယ်ချဲ့တို့၏ဆိုးမွေဖြစ်သော ဘိန်းစိုက်ပျိုးခြင်းလုပ်ငန်းကို ဆက်ခံရရှိခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယ်စပ်ဒေသများတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် စပ်လျဉ်း၍ 'နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၏ အဓိကရည်ရွယ်ချက်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်စေပြီး သမ္မာအာဇီဝလုပ်ငန်းများ ထူထောင်လုပ်ကိုင်စေရန်ဖြစ်ကြောင်း' ဟု လမ်းညွှန်ခဲ့ပေသည်။

ထို့ကြောင့် နိုင်ငံတော်သည် တိုင်းရင်းသား ညီအစ်ကိုများထံတွင် ရှိ

mgyoe.com

mgyoe.com


နေသော နယ်ချဲ့ဆိုးမွေကို ပပျောက်စေပြီး အခြားသောသမ္မာအာဇီဝလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် စီမံဆောင်ရွက်ပေးခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံအသီးသီးရင်ဆိုင်နေရသော ပြဿနာများအနက် သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုအန္တရာယ်ပြုနေသော မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုပြဿနာပင်ဖြစ်ပေသည်။ ယင်းပြဿနာသည် ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံအားလုံး ရင်ဆိုင်နေရသော ပြဿနာတစ်ရပ် ဖြစ်သည်။

ကိုလိုနီစနစ်၏ အမွေဆိုးအဖြစ် ဘိန်းစိုက်ပျိုးမှု အမြစ်တွယ်ခဲ့သည့် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို နိုင်ငံရေး အနှစ်သာရရှိရှိဖြင့် ကျင်းပပေးခဲ့ပါသည်။ အကြောင်းမှာ အပြည်ပြည် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သော ဇွန်လ ၂၆ ရက် နေ့တွင် မြန်မာနိုင်ငံတွင်း ဖမ်းဆီးရမိထားသည့် မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးပစ်ခြင်း ဖြစ်သည်။ [၂၀၀၂၊ ဇွန်လ ၂၆ ရက်နေ့တွင် ၁၆ ကြိမ်မြောက် မီးရှို့ဖျက်ဆီးခဲ့သည်။] ထိုသို့ဖျက်ဆီးရာတွင် ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အက်ဖီဒရင်းဆေးပြား၊ အက်ဖီဒရင်းဆေးမှုန့်များ ပါဝင်ပေသည်။

ယခုအခါ နယ်စပ်နေ တိုင်းရင်းသားပြည်သူများသည် မူးယစ်ဆေးများ၏ဆိုးကျိုးများကို သိရှိကာ နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်လာကြသဖြင့် ဘိန်းမျိုးစေ့များ အပ်နှံခြင်း၊ ဘိန်းသီးခြောက်များ အပ်နှံခြင်းတို့ကို ပြုလုပ်လာကြသည်။ နိုင်ငံတော်ကလည်း ဒေသခံပြည်သူများ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့် ကိုက်ညီမည့် သီးနှံမျိုးစေ့များကို ဖြန့်ဝေပေးလျက် ရှိပါသည်။ ရှမ်းပြည်နယ်တစ်ဝှမ်းတွင် မူးယစ်ဗဟို၏ အစီအစဉ်ဖြင့် ဘိန်းစိုက်ပျိုးမှု တားဆီးရေးစီမံချက်ကို ရေးဆွဲပြီး ဘိန်းအစားထိုးသီးနှံခုနစ်မျိုးကို မြေဧက နှစ်သောင်းကျော်တွင် စိုက်ပျိုးနိုင်ရန် စီစဉ်ပေးခဲ့သည်။ စီမံချက်အတွက် လိုအပ်ငွေများကိုလည်း ပံ့ပိုးပေးခဲ့သည်။

မြန်မာနိုင်ငံမှာ ဘိန်းအစားထိုး ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ

mgyoe.com

mgyoe.com


ဆောင်ရွက်နိုင်ခဲ့ရာ လွန်ခဲ့သော ရှစ်နှစ်ကထက် ဘိန်းထုတ်လုပ်မှု ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ ခုနှစ် မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းသော အစီရင်ခံစာတွင် တင်ပြထားကြောင်း သိရပါသည်။

နိုင်ငံတော်တွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး မဟာဗျူဟာ (၂)ရပ်၊ နည်းဗျူဟာ (၃)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးပပျောက်ရေး စီမံကိန်းကို ၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ ငါးနှစ်စီမံကိန်း (၃) ခု ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို ၁၅ နှစ် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းတွင်

ပထမ (၅)နှစ် – (၁၉၉၉/၂၀၀၀ မှ ၂၀၀၃/၂၀၀၄ အထိ)

– ၁၆ မြို့နယ် ၁။ ရှမ်းပြည်နယ်မြောက်ပိုင်း (၉) မြို့နယ်
၂။ ရှမ်းပြည်နယ်တောင်ပိုင်း (၆) မြို့နယ်
၃။ ရှမ်းပြည်နယ်အရှေ့ပိုင်း (၁) မြို့နယ်

ဒုတိယ (၅)နှစ်– (၂၀၀၄/၂၀၀၅ မှ ၂၀၀၈/၂၀၀၉ အထိ)

– ၂၂ မြို့နယ် ၁။ ရှမ်းပြည်နယ်မြောက်ပိုင်း (၉) မြို့နယ်
၂။ ရှမ်းပြည်နယ်တောင်ပိုင်း (၃) မြို့နယ်
၃။ ရှမ်းပြည်နယ်အရှေ့ပိုင်း (၆) မြို့နယ်
၄။ ကချင်ပြည်နယ် (၄) မြို့နယ်

တတိယ (၅)နှစ်– (၂၀၀၉/၂၀၁၀ မှ ၂၀၁၃/၂၀၁၄ အထိ)

– ၉ မြို့နယ် ၁။ ရှမ်းပြည်နယ်တောင်ပိုင်း (၅) မြို့နယ်
၂။ ကယားပြည်နယ် (၂) မြို့နယ်
၃။ ချင်းပြည်နယ် (၂) မြို့နယ်တို့ကို

သတ်မှတ်ထားသည်။ ယင်းစီမံကိန်း အကောင်အထည်ဖော်ရန်အတွက် လျာထားငွေမှာ အမေရိကန်ဒေါ်လာ သန်း (၁၅၀) ခန့် ဖြစ်သည်ဟု သိရပါသည်။ ထိုစီမံကိန်းကြီးနှင့်အတူ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ နယ်စပ်ဒေသ

mgyoe.com

mgyoe.com


နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းမှုများမှာ ထူးခြားစွာ အောင်မြင်လျက်ရှိသည်။ ယခင်က တပ်မတော်စစ်ကြောင်းများဖြင့် ရှင်းလင်းဖြိုခွင်းခဲ့ရသောအဖြစ်မှသည် ယခု ဘိန်းစိုက်တောင်သူများ ကိုယ်တိုင် ဘိန်းစိုက်ပျိုးခြင်းကို စွန့်လွှတ်လာကြသည့် အခြေအနေသို့ ရောက်ခဲ့သည်။ ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးခဲ့ကြရာ မြန်မာနိုင်ငံအတွင်း ဘိန်းဖြူဖမ်းဆီးရမှု ပမာဏသည်ပင် လျော့နည်းကျဆင်းလာခဲ့ပြီ ဖြစ်သည်။

သို့သော် မူးယစ်ဆေးဝါးဟုဆိုရာ၌ ဘိန်းနှင့် ဘိန်းဖြူမျှသာမကပါ။ စိတ်ကြွရူးသွပ်ဆေးပြားများသည်လည်း ယနေ့လူငယ်ထုကို နှောင့်ယှက်ဖျက်ဆီးသော လောင်မီးမျိုးပင်ဖြစ်ပေသည်။ ထိုစိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်သည့် အဓိက ကုန်ကြမ်းဖြစ်သော ဓာတုဗေဒပစ္စည်းများမှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်ခြင်းမရှိပါ။ နိုင်ငံအချို့တို့မှ နည်းမျိုးစုံဖြင့် ဝင်ရောက်လာခြင်းဖြစ်ပြီး မသမာသူ လောဘသမားများက စိတ်ကြွရူးသွပ် ဆေးပြားများ ထုတ်လုပ်ကာ ပြည်တွင်းပြည်ပ နှစ်ရပ်စလုံးတွင် ဖြန့်ဖြူးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စိတ်ကြွရူးသွပ်ဆေးပြားများ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၂)၊ ဇွန်လ ၂၁ ရက်နေ့တွင် (၂/၂၀၀၂ တို့ကို) ထုတ်ပြန်ပြီး စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအား ထိန်းချုပ်သော ဓာတုဗေဒပစ္စည်းများအဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု စတင်ခဲ့ခြင်းသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေကြောင့်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်ကာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပြဿနာများ ယှဉ်တွဲဖြစ်ပေါ်လာလေသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲ၍ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ထူထောင်လာခဲ့ကြသည်။ ထိုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား

mgyoe.com

mgyoe.com


ဆောင်ရွက်ခဲ့သည်။ ထိုသို့ နိုင်ငံတော်၏ စစ်မှန်သောစေတနာနှင့် မှန်ကန်သော လုပ်ဆောင်မှုများကြောင့် သောင်းကျန်းသူအဖွဲ့ ၁၉ ဖွဲ့သည် ဥပဒေဘောင်၏အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို မိုးဟိန်းစစ်ဆင်ရေး (၁)မှ (၁၂)အထိလည်းကောင်း၊ ငရဲပန်း စစ်ဆင်ရေး (၁)မှ (၈) အထိလည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေး (၁)မှ (၄)အထိ လည်းကောင်း၊ တောင်ထိပ်ပန်း စစ်ဆင်ရေးဖြင့်လည်းကောင်း စစ်ဆင်ရေးများ ဆင်နွှဲ၍ တပ်မတော်သားများ၏ အသက်သွေးချွေးမြောက်မြားစွာ စွန့်လွှတ်တိုက်ဖျက်ခဲ့ကြသည်။

ယခုအခါ နိုင်ငံတော် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နယ်စွန်နယ်ဖျား ဝေလံခေါင်းပါးသောဒေသများပါ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ လက်တွဲကြိုးပမ်းမှုဖြင့် မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်လျက် ရှိပေသည်။ ထိုသို့ မူးယစ်ဆေးဝါး တားဆီးကာကွယ်ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းများသည် ကမ္ဘာ့ကုလသမဂ္ဂမှ သတ်မှတ်ထားသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ထောက်ခံဂုဏ်ပြုလျက် ရှိနေပေသည်။ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံတကာမှ ငြင်းဆို၍ မရနိုင်သော သက်သေသာဓကများစွာ အခိုင်အမာမှတ်တိုင်စိုက်ထူနိုင်ခဲ့ပြီဖြစ်ရာ လူငယ်ထုတစ်ရပ်လုံးက ဝမ်းမြောက်ပီတိဖြင့် ကြိုဆိုလက်တွဲ တိုက်ပွဲဝင် အောင်ပွဲဆင်သွားရမည်မဟုတ်ပါလား။ ။

mgyoe.com

mgyoe.com

# ကမ္ဘာ့လူဦးရေနေ့
# (ဇူလိုင်လ ၁၁ ရက်)

**ပါဝင်ရမည့်အချက်များ**

**နိဒါန်း** - မြန်မာနိုင်ငံ၏ ရပ်တည်မှုနှင့် ဖွင့်ပါ။

**စာကိုယ်** - ကမ္ဘာ့လူဦးရေနှင့် တိုးတက်မှုနှုန်းထား
- ဆင်းရဲနွမ်းပါးမှုဆိုသည်မှာ
- ကမ္ဘာအနှံ့ ဆင်းရဲချို့တဲ့မှုအကြောင်း
- ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် ဆောင်ရွက်ရန်မှာ
- မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစား
- စားနပ်ရိက္ခာဖူလုံမှု
- ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ
- ပညာရေးကဏ္ဍ
- ကျန်းမာရေးကဏ္ဍ
- နိုင်ငံအတွင်းကြိုးစား
- နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်

**နိဂုံး** - ကမ္ဘာ့လူဦးရေနေ့၏ မွန်မြတ်သော ရည်မှန်းချက်များကိုဖြည့်ဆည်း အကောင်အထည်ဖော်ရန်။

mgyoe.com

mgyoe.com

# ၂၁ ရာစု တို့အားပြု လူငယ်ပျိုရွယ် ကျန်းမာမှု

ယနေ့ခေတ် မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးဖြစ်စေရန် ပြည်သူတစ်ရပ်လုံး၏ စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ တစ်ချိန်တည်းတွင် ပြည်သူတစ်ရပ်လုံး၏ စားဝတ်နေရေးနှင့် လူနေမှုဘဝမြင့်မားရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် နိုင်ငံသားများဖြစ်ရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်တို့ကို အလေးထား ဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။

ဇူလိုင်လ ၁၁ ရက်နေ့သည် ကမ္ဘာ့ကုလသမဂ္ဂမှ သတ်မှတ်ထားသော ကမ္ဘာ့လူဦးရေနေ့ ဖြစ်ပေသည်။ ယနေ့ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၀၀၀ ကျော် ရှိလာပြီး ခရစ်နှစ် ၂၀၂၅ တွင် သန်းပေါင်း ၇၀၀၀ နှင့် ၂၀၅၀ ဝ၌ သန်းပေါင်း ၉၃၀၀ ဖြစ်လာမည်ဟု ခန့်မှန်းထားပေသည်။ လူဦးရေတိုးတက်မှုနှုန်းထားကိုကြည့်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူဦးရေတိုးတက်မှုနှုန်းထားမှာ အမြန်ဆုံးဖြစ်သည်ကို တွေ့ရသဖြင့် ထိုဖွံ့ဖြိုးဆဲနိုင်ငံများမှာ စီးပွားရေးနှင့် လူမှုရေးပြဿနာများ ပိုမိုကြုံတွေ့လာလျက်ရှိကြောင်း တွေ့ရပေသည်။ သို့ဖြစ်ရာ ဆင်းရဲနွမ်းပါးမှု၊ လူဦးရေတိုးတက်မှုနှင့် နိုင်ငံများ၏ စီးပွားရေး အင်အားတို့သည် ဆက်နွှယ်နေသော ကွန်ရက်များ ဖြစ်ပေသည်။ ထို့ကြောင့် ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင် ပုဒ်ဖြစ်သော '၂၁ ရာစု တို့အားပြု၊ လူငယ်ပျိုရွယ် ကျန်းမာမှု' ဟူသော ကမ္ဘာ့ပြည်သူတစ်ရပ်လုံး သတိပြုသင့်သော နှိုးဆော်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေ၏တစ်ဝက်ကျော်ကျော်သည် အာရှတိုက်တွင်၊ နေထိုင်ကြ

mgyoe.com

mgyoe.com


သည်။ သမိုင်း၏ဆိုးမွေများကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့ရသော ကမ္ဘာ့နိုင်ငံများမှာ အာရှ၊အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများဖြစ်သည်။ ထိုနိုင်ငံများတွင် လူဦးရေ မထိန်းချုပ်နိုင်မှုကြောင့် စားနပ်ရိက္ခာပြဿနာ၊ နိုင်ငံရေးမတည်ငြိမ်မှု၊ မူးယစ်ဆေးဝါးနှင့်ကူးစက်ရောဂါအန္တရာယ် စသည်တို့ ဖြစ်ပေါ်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုနည်းပါးသောကြောင့် ကျန်းမာရေးပြဿနာကလည်း ကြီးမားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ကြောင့် လူဦးရေပေါက်ကွဲမှု ပြဿနာကို ထိန်းချုပ်နိုင်ရန် ကုလသမဂ္ဂ ဦးဆောင်ပြီး ၁၉၇၄ ခုနှစ်တွင် ပထမအကြိမ် လူဦးရေညီလာခံကို ကျင်းပခဲ့ပါသည်။ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ဖွဲ့စည်းပြီး ကမ္ဘာ့လူဦးရေသန်း (၅၀၀၀) ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့ကျင်းပပြီး ကမ္ဘာအနှံ့ နိုင်ငံတကာတွင် လူဦးရေပြဿနာများ ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

ဆင်းရဲနွမ်းပါးမှုဆိုသည်မှာ ယေဘုယျအားဖြင့် လူတစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စု တစ်စုချင်းစီ၏ ချို့တဲ့မှုအတိုင်းအတာကို ဖော်ပြသည်ဟု ယူဆနိုင်သော်လည်း အမှန်တကယ်အားဖြင့် ထို့ထက် ပိုမိုကျယ်ပြန့်သော ချို့တဲ့မှုမျိုးကို ဆိုလိုပါသည်။ ဆင်းရဲနွမ်းပါးခြင်းသည် ငွေကြေး တစ်ခုတည်းသာမဟုတ်ဘဲ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝလုံခြုံရေးနှင့် စားဝတ်နေရေး မပြည့်စုံမှုတို့လည်း ပါဝင်ပေသည်။

ယနေ့ ကမ္ဘာ့ပေါ်ရှိ လူဦးရေ သန်းပေါင်းတစ်ထောင်ကျော်သည် ဆင်းရဲနွမ်းပါးမှုဒဏ်ကို အလွန်အမင်း ခံစားနေကြရပေသည်။ ၁၉၉၀ ပြည့်နှစ် ပတ်ဝန်းကျင်မှစပြီး ကမ္ဘာပေါ်တွင် အလွန်ဆင်းရဲသူ အချိုးအစားအားဖြင့် အနည်းငယ် ကျဆင်းသွားသော်လည်း အရေအတွက်အနေဖြင့် တိုးတက်လျက်ရှိသည်ဟု သိရပါသည်။ ချို့တဲ့နွမ်းပါးသူအများစုသည် ကျေးလက်ဒေသများတွင် နေကြသော်လည်း မြို့နေလူတန်းစားများတွင်လည်း ဆင်းရဲမှုများ ပိုမိုတိုးပွားလာလျက်ရှိသည်ဟုဆိုပါသည်။ လူဦးရေ သန်းပေါင်း ၈၀၀ ကျော်သည် ငတ်မွတ်ခေါင်းပါးမှုဒဏ်ကိုခံနေရပြီး ကလေးသန်းပေါင်း ၂၀၀ ကျော်သည်လည်း ကျောင်းနေခွင့် မရကြပေ။ ကြီးမားကျယ်ပြန့်လာသည့်

mgyoe.com

mgyoe.com


ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည်လည်း ကမ္ဘာကြီးတစ်ခုလုံး၏ ကျန်းမာရေးနှင့် လူနေမှုစနစ်ကြီးကို ခြိမ်းခြောက်လျက် ရှိနေပါသည်။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသာမက အခြားကျန်းမာရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာလုပ်ငန်းများကိုပါ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်မှန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်မြေအကျယ်အဝန်းသည် စတုရန်းမိုင်ပေါင်း နှစ်သိန်းခြောက်သောင်းကျော်ရှိပြီး လူဦးရေအားဖြင့် သန်း ၆၀ သာရှိသည့်အတွက် မြန်မာနိုင်ငံ၏ လူဦးရေနှင့် နယ်မြေကျယ်ပြန့်မှုမှာ အချိုးအစား မျှတလျက်ရှိနေပါသည်။ လူဦးရေသိပ်သည်းမှုကိုကြည့်လျှင်လည်း ပျမ်းမျှ တစ်စတုရန်းမိုင်တွင် ၁၉၇ ယောက်သာရှိသည့်အတွက် မြန်မာနိုင်ငံသည် လူဦးရေကျပ်တည်းမှုကို ရင်ဆိုင်နေရသော နိုင်ငံမဟုတ်ကြောင်း တွေ့ရပါသည်။

ထို့အပြင် လယ်ယာမြေအပါအဝင် သဘာဝနှင့်လူသားအရင်းအမြစ်ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပေသည်။ နိုင်ငံတွင် စိုက်ပျိုးနိုင်သည့် လယ်မြေဧက ၄၅ သန်းရှိရာ ယခုအခါ ၂၆ သန်းသာ စိုက်ပျိုးရသေးသည့်အတွက် မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်တိုးတက်ရေးမှာ အလားအလာကောင်းများစွာ ရှိနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှုရှိရုံသာမက ဒေသတွင်းနှင့် နိုင်ငံတကာ စားနပ်ရိက္ခာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် နိုင်ငံတကာ ရန်ပုံငွေအဖွဲ့မှ ထုတ်ပြန်သော စားနပ်ရိက္ခာဖူလုံမှုကိန်းညွှန်းဇယားတွင် အာရှ ၂၄နိုင်ငံအနက် အဆင့် ၆၌ ရှိနေပါသည်။ ဆင်းရဲမှုညွှန်ပြကိန်းမှာလည်း အဆင့် ၉တွင် ရှိနေပြီး သက်ကြီးစာတတ်မြောက်မှုနှုန်း ညွှန်ပြကိန်းတွင် အဆင့် ၁၂ ၌ ရှိနေပါသည်။ ထိုကိန်းများကို ပျမ်းမျှတွက်ယူသော သက်သာချောင်ချိမှုညွှန်ပြကိန်းအရ မြန်မာနိုင်ငံသည် အဆင့် ၇ တွင် ရှိနေသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအနေဖြင့် သင့်တင့်လျှောက်ပတ်သော အနေအထားတွင် ရှိနေပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်ညီ လက်ညီ

mgyoe.com

mgyoe.com


ဖြင့် မြို့ပြနှင့် ကျေးလက်ဒေသ ကွာဟမှုများကို အတတ်နိုင်ဆုံး နည်းပါးအောင် အလေးထားဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်ခုလည်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် ဝေးလံခေါင်းပါး နယ်စပ်ဒေသများ၏ တိုးတက်ဖွံ့ဖြိုးရေးကို ဦးစားပေးခဲ့ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းသည် လွန်ခဲ့သော ရာစုနှစ်နှင့်မတူ ထူးထူးခြားခြား တိုးတက်လျက်ရှိနေပေသည်။

ကုလသမဂ္ဂ၏ လူသား ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများအရ မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း (HDI Value)သည် ၀ ဒသမ ၅ အထက်၌ရှိနေသဖြင့် အလယ်အလတ်တန်းစား ဖြစ်ပါသည်။ လူသား ဖွံ့ဖြိုးတိုးတက်မှုအဆင့် (HDI Rank) မှာလည်း (၁၃၂) ဖြစ်၍ သင့်တော်သော အနေအထားပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပြည်သူ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်သည့် ကျေးလက်ဒေသများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရှိရေး၊ ပညာရေးအတန်းမြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိရေး၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး စီးပွားရေးတိုးတက်ဖြစ်ထွန်းရေး ဟူသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုလည်း တစ်နိုင်ငံလုံး တက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရေရှားပါးသော နေရာဒေသများ၌ ရေအလုံအလောက်ရရှိစေရေးအတွက် ရေဖြန့်ဖြူးရေး အစီအစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြိုးပမ်းလျက်ရှိပေသည်။

နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စီးပွားရေးအခြေခံကောင်းများ၊ အခြေခံ အဆောက်အအုံ ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ပေးသကဲ့သို့ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများကိုလည်း အလေးထားဆောင်ရွက်ပေးခဲ့သည်။ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းထားသည် ၉၄ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည့်အတွက် အာရှဒေသအတွင်း အဆင့်မြင့်နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ ယခုအခါ ကျောင်းနေရွယ်ကလေးသူငယ် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းသည် ကျောင်းတက်လျက်ရှိပြီး

mgyoe.com

mgyoe.com

ကလေးသူငယ်တိုင်း မူလတန်းပညာ သင်ကြားနိုင်ရေးအတွက် လူထုလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက် ရှိပေသည်။ အဆင့်မြင့်ပညာရေးကဏ္ဍမှာလည်း ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှင့် ကောလိပ် ၃၂ ကျောင်းသာရှိခဲ့ရာမှ ယနေ့ ၂၀၀၆ တွင် ၁၅၆ အထိ တိုးတက်လာခဲ့သည်။ ဘွဲ့လွန်သင်တန်းများအနေဖြင့် ပါရဂူဘွဲ့သင်တန်းများကိုပင် ပြည်တွင်းမှာ သင်ကြားပို့ချနိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ကျန်းမာရေး စောင့်ရှောက်မှုများတွင်လည်း အလားတူ တိုးတက်မှုများ ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ် စာရင်းအရ တစ်နိုင်ငံလုံးတွင် ဆေးရုံပေါင်း (၈၂၄) ရုံရှိပြီး ဆရာဝန်အင်အား (၁၉၀၀၀)ရှိသည်။ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိရာ ဆေးနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ် (၁၄) ခု၊ ဆေးသိပ္ပံ (၁)ခု၊ သင်တန်းကျောင်း (၄၃) ကျောင်းအထိ ရှိနေပါသည်။

မြန်မာနိုင်ငံသည် ဗီတာမင်အေ တိုက်ကျွေးခြင်း လွှမ်းခြုံမှုအမြင့်မားဆုံး နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သေနှုန်းကြမ်း (Crude Death Rate) မှာ များစွာ ကျဆင်းနည်းပါးလျက်ရှိရာ လူဦးရေ ၁၀၀၀ လျှင် မြို့ပြ၌ ၅ ဒသမ ၆ ရှိပြီး ကျေးလက်ဒေသတွင် ၆ ဒသမ ၅ သာ ရှိနေပါသည်။ လူ့မျှော်မှန်းသက်တမ်း (Life Expectancy) သည် ကျေးလက်တွင် အမျိုးသား ၆၁ ဒသမ ၃၊ အမျိုးသမီး ၆၃ ဒသမ ၈၊ မြို့ပြတွင် အမျိုးသား ၆၀ ဒသမ ၈၊ အမျိုးသမီး ၆၆ ဒသမ ၁ ရှိနေပေရာ တိုးတက်လာကြောင်း သိရပါသည်။

ဤသို့ ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးထိပ်ထားပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့လက်တွဲ၍ ဆောင်ရွက်ကြိုးပမ်းခဲ့ကြသဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။ ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာလျက် ရှိသည်။ မြန်မာနိုင်ငံ၌ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုမရှိသလောက်ဖြစ်ပြီး နိုင်ငံ၏ ဒေသအသီးသီးအကြား၊ မြို့နယ်နှင့် ကျေးရွာဒေသတို့အကြား 'ကွာဟမှု'ဆိုသည်မှာ သိသိသာသာပင် နည်းပါးလာလျက် ရှိပေသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အားသွန်ခွန်စိုက်

mgyoe.com

.mgyoe.com


ဆောင်ရွက်နေသကဲ့သို့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူဦးရေနှင့်ပတ်သက်သော နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။ အခြားနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့နှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည်လည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် (၁၆)နှစ်ကာလအတွင်း ရောက်ခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်မှုသည် (၅)နှစ်ကာလအတွင်း ရောက်ရှိနေပြီဖြစ်သည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသည် နိုင်ငံ၏ လူဦးရေ ၁၀ ရာခိုင်နှုန်းအကျိုးကို သယ်ပိုးပေးနေသကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်သည်လည်း နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းအကျိုးကို သယ်ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ ယင်း ဆောင်ရွက်မှုများသည် ကမ္ဘာ့ဆင်းရဲမှု တိုက်ဖျက်ရေးအစီအစဉ်များနှင့် အနှစ်သာရအားဖြင့် အတူတူပင်ဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေသည် တစ်စက္ကန့်တွင် ၄ ဒသမ ၄ ဦးနှုန်း မွေးဖွားလျက်ရှိပြီး လာမည့် ၆ နှစ်အတွင်း ကမ္ဘာ့လူဦးရေသည် ၇ ဘီလီယံအထိ ရှိလာနိုင်ကြောင်း အမေရိကန် သန်းခေါင်စာရင်း ဗျူရိုအစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရပါသည်။ ၂၀၀၆ တွင် ကမ္ဘာ့လူဦးရေသည် ၆.၅ ဘီလီယံရှိနေပြီး နောင်လာမည့် ၂၀၁၂ ခုနှစ် အောက်တိုဘာ (၁၈)ရက် ညနေ ၄း၃၆ နာရီတွင် ကမ္ဘာ့လူဦးရေ ၇ ဘီလီယံ ရှိသွားမည်ဟုဆိုသည်။

ကမ္ဘာ့နိုင်ငံများအားလုံးသည် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်တွဲ ဆောင်ရွက်ရင်း ကမ္ဘာ့လူဦးရေနေ့၏ မွန်မြတ်သော ရည်မှန်းချက်များကို ဖြည့်ဆည်းအကောင်အထည်ဖော်ကြရမည်ဖြစ်ပေရာ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့သည်လည်း ကမ္ဘာ့သူ ကမ္ဘာ့သားပီသစွာ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ကမ္ဘာကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများ လျော့နည်းပပျောက်ပါစေသတည်း။ ။

mgyoe.com

mgyoe.com

# ကမ္ဘာ့ကြက်ခြေနီနေ့
# (မေလ ၈ ရက်)

**ပါဝင်ရမည့်အချက်များ**

**နိဒါန်း** - ပြည့်သူ့အကျိုးပြု စေတနာ့ဝန်ထမ်းအသင်းဖြစ်ကြောင်း စတင်ဖော်ထုတ်

**စာကိုယ်** - ကြက်ခြေနီလုပ်ငန်း၏ သမိုင်းကြောင်း
- ကြက်ခြေနီနေ့ သတ်မှတ်ပုံ
- မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအစ
- အသင်း၏ ရည်ရွယ်ချက်
- ထူးချွန်ကြက်ခြေနီ လူငယ်တွေ့ဆုံပွဲ ဝန်းကြီးမိန့်ခွန်း
- ကြက်ခြေနီ၏ အခြေခံသဘောတရားများ
- နိုင်ငံတကာ၏ ပံ့ပိုးကူညီမှု
- ဟင်နရီဒူးနန့်ဆု
- အသင်း၏ ဖွဲ့စည်းမှု ကွန်ရက်
- ကျေးရွာအရောက် ခရီးပေါက်
- လူငယ်စွမ်းအားစုအဖြစ် ရပ်တည်

**နိဂုံး** - အမျိုးသားရေးတာဝန်များ ဆောင်ရွက်ရန်။

mgyoe.com

mgyoe.com

# ကျေးရွာအရောက် ခရီးပေါက်ရမည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီးကို စနစ်တကျ ချိတ်ဆက်ယှဉ်တွဲပြီး တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းအားဖြင့် အရှိန်အဟုန်မြင့်တင် ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့အချိန်အခါတွင် လူမှုရေးကဏ္ဍ တိုးတက်မြင့်မားစေရေးကို နိုင်ငံတော်နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းပေါင်းများစွာရှိပါသည်။ ထိုအဖွဲ့အစည်းများအနက် ပြည်သူကြားက ပေါက်ပွားလာကြပြီး ပြည်သူများအကြား စိမ့်ဝင်ပျံ့နှံ့ကာ ပြည်သူ့အကျိုးပြု စေတနာ့ဝန်ထမ်းလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသော အသင်းအဖွဲ့ကြီးတစ်ခုမှာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဖြစ်ပါသည်။

၁၈၅၉ ခုနှစ်တွင် အီတလီနိုင်ငံ ဆိုက်မာရီနိုနယ် စစ်ပွဲမှ စခဲ့သော ကြက်ခြေနီလုပ်ငန်း၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် အီတလီ၊ ပြင်သစ်တို့က တစ်ဖက်၊ ဩစတြီးယားကတစ်ဖက် စစ်ဖြစ်ကြရာမှ ကျဆုံးဒဏ်ရာရခဲ့သူများ စစ်မြေပြင်တွင် ရဲရဲနီခဲ့သည်ဟု ဆိုပါသည်။ ၁၉၂၈ ခုနှစ်၊ မေလ ၈ ရက်နေ့၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် မွေးဖွားခဲ့သော ဟင်နရီဒူးနန့်သည် ဒဏ်ရာရသူတို့၏ ဆင်းရဲဒုက္ခကို မရှုရက်နိုင်သည့်အတွက် ရန်သူမိတ်ဆွေ မခွဲခြားနိုင်ဘဲ နှစ်ဖက်စလုံးမှ စစ်သည်များကို ပြုစုစောင့်ရှောက်ခဲ့သည်။ သူ၏အတွေ့အကြုံများကို မှတ်တမ်းတင်ပြုစု တင်ပြခဲ့ရာမှ 'ကြက်ခြေနီ' လုပ်ငန်း စတင်အကောင်အထည်ပေါ်လာခြင်းပေတည်း။ သို့ဖြစ်ရာ ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် သူ၏ မွေးနေ့ မေလ ၈ ရက်နေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့ဟု သတ်မှတ်ခဲ့လေသည်။

မြန်မာနိုင်ငံတွင် ကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်မှ စတင်၍

mgyoe.com

mgyoe.com


ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ လက်အောက်ခံဖြစ်သဖြင့် ကြက်ခြေနီအသင်းသည်လည်း အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်းခွဲအဖြစ်သာ ရပ်တည်ခဲ့ရပေသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ကာ ကြက်ခြေနီလုပ်ငန်းများကို လုပ်ကိုင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ကြက်ခြေနီအသင်းဖွဲ့စည်းခြင်းကို ဥပဒေပြဋ္ဌာန်းခဲ့ပြီး စနစ်တကျ ဖွဲ့စည်းထားလျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်မှာ 'ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် ဖြစ်သည်။ ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါဘေးတားဆီးခြင်းနှင့် ဘေးဒုက္ခကျရောက်သူများကို ကူညီခြင်းစသော ဦးတည်ချက်သုံးရပ်အပေါ်တွင် အခြေခံဆောင်ရွက်လျက်ရှိသည်။ အသင်းကြီးသည် အမျိုးသားကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနတို့အား ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေသည့် လူမှုရေးအဖွဲ့ကြီးတစ်ခုလည်း ဖြစ်သည်။

နှစ်စဉ် ထူးချွန်ကြက်ခြေနီများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ရာ ၂၀၀၅ ခုနှစ် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးက 'မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် လူမှုရေးစိတ်ဓာတ် ထက်သန်မြင့်မားသော လူငယ်လူရွယ်များကို စုစည်းညီညွတ်အောင် စည်းရုံးဦးဆောင်ပြီး ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို အားကြိုးမာန်တက် တစ်နိုင်ငံလုံးဖြန့်ကြက် ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး တိုးတက် စည်ပင်စေရန်နှင့် တိုင်းကျိုးပြည်ဆောင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် အမျိုးသားရေးစွမ်းအားစုတစ်ရပ်အနေဖြင့် တိုးတက်ပါဝင်စွမ်းဆောင်နိုင်စေရန် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိသည်' ဟု ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် ကြက်ခြေနီ၏ အခြေခံသဘောတရားများဖြစ်သော (Humanity) လူသားချင်း စာနာခြင်း၊ (Im-

mgyoe.com

mgyoe.com


partiality) ခွဲခြားမှုမရှိခြင်း၊ (Neutrality)ကြားနေခြင်း၊ (Independence) လွတ်လပ်စွာဆောင်ရွက်ခြင်း၊ (Voluntary Service) စေတနာ့ဝန်ထမ်း ဆောင်ရွက်ခြင်း (Unity)စည်းလုံးညီညွတ်ခြင်း၊ (Universelity)တစ်ကမ္ဘာ လုံး တန်းတူရည်တူ ဆောင်ရွက်ခြင်းစသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ စံနှုန်း (၇)ချက်နှင့်အညီ လူသားအကျိုးပြု ကြက်ခြေနီလုပ်ငန်းများကို မြန်မာ့ ယဉ်ကျေးမှု ဓလေ့ထုံးစံများဖြစ်သည့် လူသားချင်းစာနာထောက်ထားမှု၊ ရိုင်းပင်း ကူညီမှု၊ အများအကျိုး စုပေါင်းဆောင်ရွက်မှုစသော အခြေခံများပေါ်တွင် ရပ်တည်ပြီး တက်တက်ကြွကြွဆောင်ရွက်နေသော တိုင်းကျိုးပြည်ဆောင် အမျိုး သားရေး အင်အားစုတစ်ရပ် ဖြစ်ပါသည်။

ကြက်ခြေနီအသင်း၏ ကျန်းမာရေးမြှင့်တင်ခြင်းနှင့် ရောဂါကာကွယ် မှု ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် သူနာတင်ယာဉ်လုပ်ငန်း ကို ဂျပန်အမျိုးသား ကြက်ခြေနီအသင်း၊ ဆွီဒင်အမျိုးသား ကြက်ခြေနီအသင်း တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။AIDS ပညာပေးလုပ်ငန်းကိုလည်း ယူနီ ဆက်ဖ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း IFRC ၏ လုပ်ငန်းတစ်ရပ်ဖြစ်သော နိုင်ငံတကာ လူငယ်ချင်း ချစ်ကြည်ရေးအတွက် လူငယ်အချင်းချင်း တွေ့ဆုံ ကာ အတွေ့အကြုံဖလှယ်ရေးလုပ်ငန်းများကို ညှိနှိုင်းအားပေးရန်ဟူသည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

တစ်နိုင်ငံလုံး ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဖြန့်ကြက်လျက် နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ် ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ လူထုရေး ဝန်ဆောင်မှုအဖွဲ့ PSI ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် လူငယ်မှ လူငယ်သို့ မျိုးဆက်ပြန့်ပွား ကျန်းမာရေးပညာပေး ဆွေးနွေးပွဲများ စဉ်ဆက် မပြတ် ကျင်းပပေးခဲ့သည်။ ဂျပန်လူငယ် ကြက်ခြေနီအဖွဲ့ဝင်များသည် ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး လေ့လာကွင်းဆင်းခဲ့ပြီး ကျန်းမာရေး အသိပညာချင်း ဖလှယ်ခဲ့ကြသည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်မှ ချီးမြှင့်သော အမြင့်ဆုံး ဟင်နရီဒူးနန့်ဆုကို မြန်မာနိုင်ငံမှ စိုင်းအောင်လှိုင်မြင့်

mgyoe.com

mgyoe.com


က ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဝင် မောင်မယ်များသည် လူမှုကရုဏာလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နေသူများဖြစ်သည်သာမက ကြက်ခြေနီတပ်ဖွဲ့ဝင်များအဖြစ်နှင့် စည်းကမ်းလိုက်နာတတ်မှု၊ အမိန့်နာခံတတ်မှု၊ အများအကျိုးဆောင် ပရဟိတစိတ်ဓာတ်၊ ဆင်းဒုက္ခကျရောက်သူများကို ကူညီစောင့်ရှောက်တတ်သည်။ စေတနာ့ဝန်ထမ်းစိတ်ဓာတ်၊ အမျိုးသားရေး အကျိုးစီးပွားကို ကိုယ်ကျိုးစွန့် ဖော်ဆောင်တတ်သော အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးအပေါ် ရိုသေစွာ စောင့်သိတတ်သော မျိုးချစ်စိတ်ဓာတ်တို့ ရှင်သန်ထက်မြက်အောင် ကြက်ခြေနီစိတ်ဓာတ်၊ ကြက်ခြေနီ ခံယူချက်၊ ကြက်ခြေနီစွမ်းရည်တို့ ပြည့်ဝထူးချွန်အောင် လေ့ကျင့်ထားသော အရည်အသွေးကောင်းလူငယ်များဖြစ်ပါသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးကို အင်အားပမာဏ ကြီးမားခန့်ထည်၍ ကျစ်လျစ်ခိုင်မာပြီး စွမ်းဆောင်ရည်ထက်မြက်သော အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ရပ်တည်ခိုင်မာစေရန် အားပေးဆောင်ရွက်ရင်း 'နိုင်ငံတော် အေးချမ်းသာယာရေး အရန်အင်အားစု' တစ်ရပ်အဖြစ် ထပ်ဆင့်တာဝန်ပေးခဲ့သည်။ ထို့အတွက် အသင်းကြီး၏အင်အား တိုးပွားခိုင်မာအောင် တိုးချဲ့ဖွဲ့စည်းလျက် မြို့နယ်အသီးသီးရှိ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် လူငယ်များကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ကြက်ခြေနီအသင်းကြီးအနေဖြင့်လည်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေး၊ ရောဂါဘေးတားဆီးရေးနှင့် ဘေးဒုက္ခရောက်သူများအား ကူညီစောင့်ရှောက်ရေးဟူသည့် ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းကိုသာမက နိုင်ငံတော်က အားထားရသည့် အမျိုးသားစွမ်းအားစု တစ်ရပ်အဖြစ် ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးလုပ်ငန်း တာဝန်များကိုပါ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများနှင့်ယှဉ်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကြက်ခြေနီအသင်းကြီးသည် အမျိုးသားအဆင့် အသင်းကြီးဖြစ်သည်

mgyoe.com

mgyoe.com


နှင့်အညီ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသီးသီးအကြား အဆင့်ဆင့် ဆက်သွယ်လုပ်ရှားမှု သွက်လက်ထက်မြက် ထိရောက်စေရန် ကွန်ရက်သဖွယ် ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ 'ကျေးရွာအရောက် ခရီးပေါက်ရမည်' ဟူသော ကြက်ခြေနီ၏ ဆောင်ပုဒ်နှင့်အညီ အစွန်အဖျား ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ဆောင်ရွက်ကြရမည် ဖြစ်သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ တိုင်းကျိုးပြည်ပြု လှုပ်ရှားမှု ဂုဏ်သတင်းများကို နိုင်ငံတကာသို့ ပျံ့နှံ့စေရေး၊ နိုင်ငံတကာက အမှန်အတိုင်း သိမြင်ရေးအတွက် နိုင်ငံတကာ ကြက်ခြေနီအသင်း အဖွဲ့အစည်းအသီးသီးနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို အသင်းကြီး၏ ရေရှည်အကျိုးအတွက် လိုက်လျောညီထွေစွာ ရယူအသုံးပြုကြရမည်။ နိုင်ငံတကာအဆင့်မီ လူ့စွမ်းအားအရင်းအမြစ်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတို့၏ကဏ္ဍမှာ ဆက်စပ်ယှက်နွယ်နေရမည်။ သို့မှသာ ပြည်သူ့ရင်မှမွေးဖွားသော လူငယ်ကြက်ခြေနီမောင်မယ်တို့သည် ပြည်သူတစ်ရပ်လုံးကို လူမှုဒုက္ခများမှကယ်တင်နိုင်သော လူငယ်စွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သည်။

အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ကြက်ခြေနီ လုပ်ငန်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်တို့သည် ဖြူစင်သန့်ရှင်းမွန်မြတ်သော ကြက်ခြေနီလုပ်ငန်းများတွင် မွေ့လျော်ပြီး တိုင်းကျိုးပြည်ဆောင် ကြက်ခြေနီမောင်မယ်များ အဖြစ် ခိုင်ခံ့တည်ကြည် ရပ်တည်လျက် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို ဦးလည်မသုန် ရှပ်ရှင်ချွံချွံ ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိန္နိဋ္ဌာန်ပြုအပ်ကြသည်သာတည်း။ ။

mgyoe.com

mgyoe.com

# ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့
# (ဇူလိုင်လ ၇ ရက်)

**ပါဝင်ရမည့်အချက်များ**

**နိဒါန်း** - သဘာဝသယံဇာတ အရင်းအမြစ်များဖြင့်
ကမ္ဘာမြေ စိုပြည်ရေး ဆောင်ရွက်ရန်

**စာကိုယ်** - သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း
- သစ်တောသစ်ပင် ပြုန်းတီးမှု ကာကွယ်ရန်
- ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း
- ရာသီဥတု ဖောက်ပြန်မှုနှင့် လိုက်လျောစွာစိုက်ပျိုး
- သစ်ပင်များ စိုက်ပျိုးခြင်း
- သစ်တောများ ထိန်းသိမ်းခြင်း
- မြေကမ္ဘာထိပ်သီးညီလာခံ
- ရေတင်၊ ရေဝေ၊ ရေလှဲလုပ်ငန်းများ
- မြန်မာ– ဂျစ်ပရိုစိုက်ခင်းများ
- စားနပ်ရိက္ခာဖြည့်ဆည်းမှု

**နိဂုံး** - ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ကို ဂုဏ်ပြုကြိုဆို။

mgyoe.com

mgyoe.com

# စိမ်းလန်းစိုပြည် ကမ္ဘာမြေဆီသို့

ကမ္ဘာပေါ်တွင် လူ၊ ကျေးငှက်တိရစ္ဆာန်နှင့် သစ်တောသစ်ပင်တို့သည် ခွဲခြား၍မရနိုင်သော လက်တွဲဖော်များဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ကူးလူးယှက်နွယ် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသဖွယ် အတူတကွ ယှဉ်တွဲဘည်ရှိရစမြဲ ဖြစ်ပါသည်။ ထို လူ၊ ကျေးငှက်တိရစ္ဆာန်နှင့် သစ်တောသစ်ပင်တို့သည် ကမ္ဘာမြေကြီး၏ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြမည့် သယံဇာတအရင်းအမြစ်များပင် ဖြစ်သည်။

ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်ကြီးများ ကျရောက်မှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဟူသော ဖြစ်ရပ်များ တဖြည်းဖြည်း တိုးပွားလာခဲ့ပါသည်။ ထိုမှတစ်ဆင့် ငတ်မွတ်ခေါင်းပါးမှု၊ စီးပွားရေးကပ်ဆိုက်မှု၊ ကျန်းမာရေး ချွတ်ယွင်းမှု စသည့် ဒုက္ခဆင်းရဲတို့မှာလည်း တစ်စတစ်စ များပြားလာခဲ့ပါသည်။ အရင်းစစ်တော့ အမြစ်မြေကပေတည်း။ မြေကမ္ဘာပေါ်ရှိ သစ်တောသစ်ပင်တို့သည် သိပ္ပံနှင့်စက်မှုပညာ ထွန်းကားတိုးတက်မှုအရ ကုန်ကြမ်းပစ္စည်းများအဖြစ် အသုံးချခြင်းခံကြရပေရာ သစ်တောများ ပြုန်းတီးလာသည်နှင့်အမျှ လူတို့၏ နေရေး၊ စားရေး၊ ကျန်းမာရေး၊ အသက်ရှင်နေထိုင်ရေးတို့သည် ဆင့်ကဲဆင့်ကဲ ထိပါးလာရပေတော့သည်။

ထို့ကြောင့် ကုလသမဂ္ဂက ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

mgyoe.com

mgyoe.com


ကို လှုံ့ဆော်တိုက်တွန်းခဲ့ပါသည်။ သစ်တော၊ သစ်ပင် ပြုန်းတီးမှုကို ကာကွယ်ရန် ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံများအား ဇူလိုင်လကို သစ်ပင် စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရေးအတွက် ကမ္ဘာမြေ စိမ်းလန်းစိုပြည်ရေးကို အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ကြပါသည်။ ဇူလိုင်လ ၇ ရက်နေ့ကိုလည်း ကမ္ဘာ့သစ်ပင် စိုက်ပျိုးရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သဘာဝစိမ်းလန်းစိုပြည်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာ့မြေဆီလွှာနှင့် မြေသယံဇာတအရင်းအမြစ်အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ ကျေးလက်ပြည်သူတို့၏ သစ်တောထွက်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးအတွက်လည်းကောင်း၊ အပူပိုင်းဇုန်ဒေသ စိမ်းလန်းစိုပြည်ရေးကို စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ပါသည်။ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်ကိုးခုတွင် 'ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံကိန်း'ကို ချမှတ်လုပ်ဆောင်ခဲ့ရာမှ တဖြည်းဖြည်း ခရိုင်များ တိုးချဲ့စီစဉ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နို့တိုက်သတ္တဝါအမျိုးပေါင်း ၃၀၀ နီးပါး၊ တွားသွားသတ္တဝါအမျိုးပေါင်း ၃၀၀ မျှ၊ ငှက်မျိုးစုပေါင်း ၁၀၀ မျှရှိပြီး သစ်ပင်ပန်းမန်မျိုးကွဲပေါင်း ၇၀၀၀ ခန့်ရှိသည်။ မြန်မာနိုင်ငံထွက် အပင်မျိုးစုံတို့၏ အသုံးဝင်မှု၊ ဆေးဖက်ဝင်မှု၊ လူသုံးပစ္စည်း ဖန်တီးနိုင်မှုတို့မှာ များလှသည်။ မြန်မာ့သစ်တောကြီးများ၏ ဇီဝမျိုးစုံ ကြွယ်ဝမှုမှာ ကြီးမားသော အမျိုးသားအမွေရတနာသိုက်ကြီး ဖြစ်သည်။ ထို့ကြောင့် သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံတို့ကို ပြုန်းတီးကွယ်ပျောက်ခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် တိကျသော ဥပဒေများ ပြဋ္ဌာန်းထားပါသည်။

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် အယ်လ်နီညိုကြောင့် ရာသီဥတုဖောက်ပြန်မှုများ ကြုံတွေ့နေရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မိုးရွာသွန်းမှုလျော့နည်းနိုင်ခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မိုးနည်းရေရှား အရပ်ဒေသများဖြစ်ကြသော စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းတို့တွင် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ သင့်လျော်သည့် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်

mgyoe.com

mgyoe.com


လျက်ရှိပါသည်။ မိုးရွာသွန်းမှုနည်းပါးသော ဒေသများတွင် ရေငတ်ဒဏ်ပိုမိုခံနိုင်သော သက်တမ်းတိုပင်များကို စိုက်ပျိုးရန် နှိုးဆော်ပေးလျက်ရှိပါသည်။ မိုးခေါင်မှုနှင့် ကြုံကြိုက်ပါက မြေတွင်းအစိုဓာတ်များ ရေငွေ့ပြန်ဆုံးရှုံးမှုလျော့နည်းသက်သာစေရန် မကြာခဏ ကြားထွန်လိုက်ခြင်းကိုလည်း ပြုလုပ်ဆောင်ရွက်စေပါသည်။

ထိုသို့ လယ်ယာမြေ စိမ်းလန်းစိုပြည်ရေးကို တစ်ဖက်မှ ဆောင်ရွက်နေသကဲ့သို့ သစ်တောများ ပြုစုပျိုးထောင်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောဥယျာဉ်များ ထိန်းသိမ်းခြင်း စသည်တို့ကိုလည်း နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် ဇူလိုင်လတစ်လလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များ စိုက်ပျိုးကြသည်။ နှစ်စဉ်အပင်ပေါက် ၁၁ သန်းကို မြန်မာ့မြေပေါ်တွင် စီမံချမှတ် စိုက်ပျိုးခဲ့ကြရာ တဖြည်းဖြည်း အောင်မြင်ဖြစ်ထွန်းလာသည်ကို တွေ့ရ၏။

ကမ္ဘာပေါ်တွင် များစွာသော ဇီဝမျိုးစုံမျိုးကွဲတို့သည် သစ်တော၊ သစ်ပင်များကို မှီခိုအားထားလျက်ရှိကြသည်။ ထို့ကြောင့် သစ်တော၊ သစ်ပင်ထိန်းသိမ်းရေးသည် ငှက်၊ သားရဲတိရစ္ဆာန်မျိုးစုံတို့ မျိုးသုဉ်းမသွားရေးအတွက် အထောက်အပံ့ကြီးတစ်ခုဖြစ်သည်။ များပြားလာသော လူဦးရေကြောင့် လူသားတို့ နေရာထိုင်ခင်း တိုးချဲ့မှုများ ပြုလုပ်လာကြရာ သစ်တောများစွာ ဆုံးရှုံးလျက်ရှိသည်။ သစ်တော သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၊ ချက်ပြုတ်စားသုံးကြရာမှ သစ်တော သစ်ပင်တို့ကို မှီခိုနေရသော တိရစ္ဆာန်များ ဒုက္ခရောက်ကြရသည်။ လူတို့၏ သတ်ဖြတ်စားသောက်ခြင်းကိုလည်း ခံကြရသည်။ ထို့ကြောင့် အထူးသဖြင့် တောရိုင်းတိရစ္ဆာန် မျိုးသုဉ်းမှုကို ကာကွယ်နိုင်ရန် အာဖရိကနိုင်ငံများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို အရှိန်မြှင့်တင်လျက်ရှိသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့တွင် ၁၉၉၃ ခုနှစ်၌ မြေကမ္ဘာ ထိပ်သီးညီလာခံကို ကျင်းပခဲ့သည်။ သစ်တောများ ပြန်လည်ပျိုးထောင်ရေး၊ သဘာဝတောနက်ကြီးများအတွင်း မှီတင်းကျက်စားကြသော တောရိုင်းတိရစ္ဆာန်များသတ်ဖြတ်မှုကို တားဆီးရေး၊ အာဖရိကတိုက်အတွင်း ဆင်စွယ်၊ ကြံ့ချို၊

mgyoe.com

mgyoe.com


တိရစ္ဆာန်သားရေများ မှောင်ခိုရောင်းဝယ်ဖောက်ကားမှု ပိတ်ပင်ဟန့်တားရေး စသည့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း သစ်တောဥပဒေများ ပြဋ္ဌာန်းပြီး သစ်တောကြိုးဝိုင်းများ သတ်မှတ်ခဲ့သည်။ တစ်ဖက်မှလည်း သားရဲတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး ဥပဒေများ ချမှတ်ခဲ့သည်။ ပုပ္ပါးတောင်ဥယျာဉ်၊ အမျိုးသားဥယျာဉ်တို့တွင် အဆင့်မြင့် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ညောင်ဦးမြို့နယ် တုရင်တောင်၊ လောကနန္ဒာဘေးမဲ့တောဥယျာဉ်၊ တောင်သာမြို့နယ် တောင်ပေါ်ရေတင် စိမ်းလန်းစိုပြည်ရေး၊ မြင်းခြံခရိုင်အတွင်းရှိ တောင်ဖီလာတောင်၊ တောင်သာတောင်၊ ကျောက်တစ်လုံးတောင်၊ မြင်စိုင်းတောင်နှင့် ပုပ္ပါးတောင်တန်းများ ရေဝေရေလဲရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဥယျာဉ်၊ ပန်းခြံ၊ သစ်တောများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အခြေစိုက်ဒေသများ ဖြစ်သည်။ ၎င်းတို့မှာ စားနပ်ရိက္ခာ ဖြည့်ဆည်းမှုကိုသာမက ကျန်းမာရေးအတွက် အထောက်အကူပြုလျက်ရှိသကဲ့သို့ စီးပွားရေးတွင်လည်း အချက်အချာကျနေသည်ကို တွေ့ရလေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်မှုများဖြင့် သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သဘာဝတောများ စောင့်ရှောက်ထိန်းသိမ်းခြင်း၊ တောင်စဉ်တောင်တန်းများ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသောကြောင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အောင်မြင်လျက်ရှိပါသည်။ နိုင်ငံတကာ၏ ကူညီအားပေးမှုအနေဖြင့် ဂျပန်နိုင်ငံ ယိုမီယူရီသတင်းစာဌာနမှ လှူဒါန်းငွေဖြင့် မြန်မာ ယူမီယူရီစိုက်ခင်းကို ကျောက်ပန်းတောင်းမြို့နယ်၊ ပျဉ်းမနား ကြိုးပြင်ကာကွယ်တောဧ္ဍ အောင်မြင်စွာ ထူထောင်ထားရှိပြီး ဖြစ်သည်။ မြန်မာ – ဂျစ်ပရိစိုက်ခင်း (၁)၊ (၂)၊ (၃)တို့သည် ဂျပန်နိုင်ငံ၏ လှူဒါန်းငွေဖြင့် သစ်တောဦးစီးဌာနက တည်ဆောက်ထားသောစိုက်ခင်းများဖြစ်သည်။

mgyoe.com

mgyoe.com


မြန်မာ – ဂျစ်ပရိုစိုက်ခင်း (၁)ကို ဒဟတ်တော ကာကွယ်တောတွင် တွေ့ရပြီး စိုက်ခင်း(၂)ကို ကြူပြင်ကွေ့ ကာကွယ်တော၊ စိုက်ခင်း (၃)ကို ကျောက်ကူးကာကွယ်တောတွင် တွေ့ရသည်။ မြန်မာနိုင်ငံအတွင်း အဓိက စိုက်ပျိုးကြသော ပျိုးဥယျာဉ်မှ သစ်ပင်များမှ ရှား၊ ထနောင်း၊ မဲဇလီ၊ ဘောစကိုင်း၊ မြန်မာ ကုက္ကို၊ ညောင်ပင်၊ တမာ၊ စိန်ပန်း၊ ယူကလစ်၊ အော်ရေးရှား၊ ကန္တာစိမ်း၊ မန်ကျည်း၊ ဒဟတ်၊ ယင်းမာတို့ဖြစ်ပြီး တစ်အုပ်တစ်မ ရှင်သန်ကြီးထွားနေကြသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံသည် သစ်တင်ပို့ရောင်းချမှုမှ နိုင်ငံခြားငွေ ဒုတိယအများဆုံးရရှိနေပြီး သစ်လုံးအလိုက် တင်ပို့မှု၊ လေးဘက်ချော တင်ပို့မှုများဖြင့် အများဆုံး တင်ပို့လျက်ရှိသည်။ သစ်အချောထည် တင်ပို့မှုလုပ်ငန်းသည် တိုင်းရင်းသားလုပ်ငန်းရှင်များ ကမ္ဘာ့သစ်ချောဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိသည်။

မြန်မာနိုင်ငံ ဧရိယာ၏ ၅၁ ရာခိုင်နှုန်းမှာ သစ်တောများ ဖြစ်သည်။ မြန်မာ့ကျွန်းသစ်တော စိုက်ခင်းများသည် ကမ္ဘာပေါ်ရှိ ကျွန်းသစ်တော စိုက်ခင်းကြီးများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ သစ်တောထိန်းသိမ်း ပြုစုပျိုးထောင်ရေးလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ခြင်းသည် ကမ္ဘာကို အကျိုးပြုမည့် မြန်မာ့သစ်တောကြီးများအဖြစ် ဝံ့ကြွားထည်ဝါ ဂုဏ်ယူနိုင်မည် ဖြစ်ပါသည်။ ထို့အတူ သဘာဝပတ်ဂန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်သကဲ့သို့ စားနပ်ရိက္ခာ ဖြည့်ဆည်းမှုအတွက် အထောက်အပံ့လည်း ဖြစ်ပါသည်။

စိုက်ပျိုးရေးနည်းပညာသစ်ဖြင့် ဒေသခံ လူထုစီးပွားရေး အဆင်ပြေလာစေရန် သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းမှ ညောင်ဦးမြို့တွင် ဆောင်ရွက်လျက်ရှိရာ Agro-silvo-pastrol- design ဟုခေါ်သော သုံးဆင့်စိုက်ပျိုးမှုစနစ်မှာ မြေနေရာတစ်ခုတည်းပေါ်တွင် အပင်ကြီးများကို (၁၀)မီတာခြားစိုက်ပြီး အပင်လတ်များကို (၅)မီတာခွာစိုက်ကာ မြေပြင်နှင့်ကပ်လျက် အခြေတွင် နွားစာအဖြစ် အသုံးပြုနိုင်သော နိုင်ငံခြား ပဲမျိုးများ စိုက်ပျိုးခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


စီမံကိန်းကို ဂျာမန်သံရုံးမှ လှူဒါန်းထားသော ဒေါ်လာ (၇၄၅၀) ဖြင့် လုပ်ကိုင်ခြင်းဖြစ်ပြီး ၂၀၀၅ နို၀င်ဘာလတွင် မြေရှင်း၍ ဒီဇင်ဘာလတွင် မျိုးစင်ဆောက် ကျင်းတူးခဲ့သည်။ ၂၀၀၆ ခုနှစ်ဆန်းတွင် စတင်စိုက်ပျိုးမည် ဖြစ်ပြီး ဤစီမံကိန်း အောင်မြင်ပါက နွားစားမြက် ရှားပါးမှု ပြေလည်ပြီး ရေရှားပါးသောအရပ်တွင် ရေတစ်ပင်လောင်းလျှင် အပင်ကြီး၊ အပင်လတ်၊ မြက်သုံးမျိုး ဖြစ်ထွန်းနိုင်မည်ဖြစ်၍ အဆင်ပြေသော စီမံကိန်းဖြစ်ပေသည်။

မြန်မာ့သစ်တောကြီးများသည် နိုင်ငံတော်၏ ၀င်ငွေကို အထူးပံ့ပိုးပေးလျက်ရှိသည်။ တောင်သူလယ်သမားများအနေဖြင့် သီးထပ် သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို လယ်မြေများအဖြစ် ဖော်ထုတ်လာနိုင်ခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အသုံးပြုနိုင်ခြင်းကြောင့် သီးနှံစိုက်ဧကများ တိုးတက်ခြင်း၊ အထွက်နှုန်းမြင့်မားခြင်း စသော အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီ ဖြစ်သည်။

မြန်မာ့ဆေးဖက်ဝင် သစ်ခွပင်များမှာလည်း နိုင်ငံတကာဈေးကွက် တွင် ထိုးဖောက်ဝင်ရောက်လျက်ရှိသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ သစ်ခွခြောက်များကို နှစ်စဉ်တန်ချိန် လေးသောင်းကျော် ဝယ်ယူလျက်ရှိသည်။ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းအလိုက် ဆေးဖက်ဝင် သစ်ခွမျိုးများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစီအစဉ်ဖြင့် ပြုစုစိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၂၀၀၄–၀၅ ဘဏ္ဍာရေးနှစ်အတွင်း ကျွန်းသစ်တန်ချိန် သုံးသိန်းကျော်အပါအဝင် ကျွန်းသစ်နှင့် သစ်မာမျိုးစုံတန်ချိန် (၁၄)သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး နိုင်ငံခြားသို့ တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၃၀၅ သန်းကျော် ရရှိခဲ့သည်။ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ကျွန်းသစ်နှင့် သစ်မာမျိုးစုံကို နှစ်စဉ်ပြည်တွင်းပြည်ပသို့ ရောင်းချခဲ့ရာ 'နိုင်ငံခြားငွေ၊ ရှာဖွေကြိုးပမ်း၊ သစ်လုပ်ငန်း' ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်ပဝင်ငွေ ရှာဖွေပေးနိုင်သောကြောင့် သစ်တောကြီးများ၏ ကျေးဇူးမှာ ကြီးမားလှပါသည်။

mgyoe.com

mgyoe.com


မြန်မာနိုင်ငံတွင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာ၌ အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်သော စွမ်းအင်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံအတွင်း အလေ့ကျ ပေါက်ရောက်နေသည့် ခြစ်ညည်းရိုး ကြက်ဆူပင်မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သော စွမ်းရည်နှင့် နည်းပညာကို ဖော်ထုတ်နိုင်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ခြစ်ညည်းရိုး ကြက်ဆူပင်များ တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပါ သည်။ တောင်သူလယ်သမားကြီးများကလည်း လွယ်လင့်တကူ စိုက်ပျိုး ထုတ်လုပ်နိုင်ပြီး အသုံးဝင်မှု တန်ဖိုးကြီးမားလှသည့် ခြစ်ညည်းရိုးကြက်ဆူပင်များ ကို စက်မှုလယ်ယာ စနစ်ဖြစ်ထွန်းရေး၊ ကျေးလက်သုံး လျှပ်စစ်နှင့် စွမ်းအင် လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သွင်း ကုန်အစားထိုး စီးပွားရေးလုပ်ငန်းဖြစ်ရေးဟူသော ကြီးမားသော ရည်မှန်းချက် များဖြင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိနေပါသည်။

ထို့ကြောင့် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ကို ကြိုဆိုထောက်ခံလျက် မြန်မာ့သစ်ပင်သစ်တောကြီးများ စိမ်းလန်းစိုပြည်သာယာလှပစေရန် ကမ္ဘာ့နိုင်ငံ များနှင့် ပူးပေါင်းလက်တွဲ၍ တစ်စေ့မှ တစ်ပင်၊ တစ်ပင်မှတစ်စု၊ တစ်စုမှ တစ်တော၊ တစ်တောမှတစ်ရွာ၊ တစ်ရွာမှ တစ်ကမ္ဘာ ပြုစုပျိုးထောင်သွားကြ ပါစို့ဟူ၍ တပ်လှန့်နှိုးဆော်လိုက်ရပါသည်။ ။

mgyoe.com

mgyoe.com

## အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့
## (ဇူလိုင်လ ပထမပတ် စနေနေ့)

**ပါဝင်ရမည့်အချက်များ**

**နိဒါန်း** - သမဝါယမ၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်း
**စာကိုယ်** - မြန်မာ့ လူ့အဖွဲ့အစည်း၏ ဂုဏ်ယူစရာပြယုဂ်များ
- သမဝါယမ၏ အခြေခံသဘောထား
- စတင်ပေါ်ပေါက်လာပုံ
- အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်
- မြန်မာနိုင်ငံ သမဝါယမသမိုင်း
- သမဝါယမဘဏ်များ
- လူမှုစီးပွားရေးဘဝ မြင့်တင်ခြင်း
- ဝိုင်အမ်ဘီအေအသင်း၏ ရည်ရွယ်ချက်
- ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မိန့်ခွန်း
- မြန်မာနိုင်ငံတွင်းရှိ လက်ရှိဆောင်ရွက်မှု

**နိဂုံး** - သမဝါယမစိတ်ဓာတ်ဖြင့် သမဝါယမနေ့ကိုဂုဏ်ပြုကြိုဆို။

mgyoe.com

mgyoe.com

# စုပေါင်းလုပ်စုပေါင်းယူ သမဝါယမမှု

သမဝါယမဟူသည်မှာ အတူတကွပူးပေါင်း၍ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခြင်းဟူသော အဓိပ္ပာယ် ဖြစ်ပါသည်။ မြန်မာ့ လူ့အဖွဲ့အစည်းတွင် ရှေးဦးကာလများကတည်းက သမဝါယမစိတ်ဓာတ်ဟူသည် ရှိထားခဲ့ပြီးဖြစ်သည်။ မြန်မာတို့၏ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခြင်း၊ အတူတကွပူးပေါင်း ဆောင်ရွက်ခြင်း စသည့် အလေ့အထများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များအဖြစ် မြန်မာလူမျိုးတို့၏ လူနေမှုဘဝတွင် အမြစ်တွယ်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့ကျေးလက်များတွင် အလှူမင်္ဂလာပွဲများ၊ သာရေး နာရေး ကိစ္စများ၊ ရပ်ရေးရွာရေး လူမှုရေးကိစ္စများတို့၌ စုပေါင်းဝိုင်းဝန်း ဆောင်ရွက်လေ့ ရှိကြသည်။ ထို့အတူ မြို့ပြများတွင်လည်း လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စီးပွားရေးပူးပေါင်းမှုများဖြင့် ဖွဲ့စည်းဆောင်ရွက်သော လုပ်ငန်းများရှိပါသည်။ ထိုသို့ တစ်ဦး၊ တစ်စု၊ တစ်သင်း၊ တစ်ဖွဲ့အလိုက် ရပ်ကျိုး ရွာကျိုး၊ သူ့အကျိုး၊ ကိုယ့်အကျိုး သယ်ပိုးဆောင်ရွက်ခဲ့ကြသည်မှာ မြန်မာ့ လူ့အဖွဲ့အစည်း၏ ဂုဏ်ယူစရာ ပြယုဂ်တစ်ခုလည်း ဖြစ်သည်။ ယင်းမှာ သမဝါယမဟူသော သမမျှတသည့် လူမှုစီးပွားရေးစနစ်၏ အခြေခံပင်တည်း။

သမဝါယမ၏ အခြေခံသဘောတားများမှာ ဆန္ဒအလျောက် လွတ်လပ်စွာ ပါဝင်ခွင့်ရှိခြင်း၊ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊ စီးပွားရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်လွတ်လပ်မှုရှိခြင်း၊ ပညာပေးရေး၊

mgyoe.com

mgyoe.com


လေ့ကျင့်ရေး၊ သတင်းဖြန့်ချိရေးများ ဆောင်ရွက်ခြင်း၊ အသင်းအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အခြေခံလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံခြင်း စသည်တို့ဖြစ်ရာ မြန်မာ့လူနေမှုဘဝနှင့် အံဝင်ခွင်ကျ ဖြစ်နေသည်ကို တွေ့ရပါသည်။

သမဝါယမသည် ၁၈၄၄ ခုနှစ်၊ အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးမြို့၊ တုတ်လိုန်းလမ်းမှ စက်ရုံအလုပ်သမား ၂၈ ဦး တည်ထောင်ခဲ့သော ရော့ခ်ဒေး ရှေ့ဆောင်လမ်းပြများအသင်းမှ စခဲ့သည်ဟု ဆိုပါသည်။ ထိုမှတစ်ဆင့် ဥရောပ၊ လက်တင်အမေရိကနှင့် အာရှနိုင်ငံများသို့ ပျံ့နှံ့ပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီး ဖွဲ့စည်းနိုင်သည်အထိ ကျယ်ပြန့်လာခဲ့ခြင်း ဖြစ်သည်။

အိုင်စီအေ (ခေါ်) အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးကို ၁၈၉၅ ခုနှစ်က ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တွင် ဖွဲ့စည်းခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၇၂ နိုင်ငံရှိပြီး အသင်းသား သန်း ၇၂၀ ကျော် ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးတွင် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၌ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သမဝါယမသမိုင်းကို လေ့လာကြည့်လျှင် ၁၉၀၄ ခုနှစ်၊ အိန္ဒိယ ကိုလိုနီလက်အောက်ခံဘဝဖြင့် ရှိနေစဉ် စီးပွားရေးအကျပ်အတည်းများ ကြုံတွေ့နေသည့် အိန္ဒိယလယ်သမားများကို ငွေကြေးအကူအညီပေးရန် ဆုံးဖြတ်ခဲ့ရာမှ အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ထားခြင်းခံရသော မြန်မာနိုင်ငံမှ တောင်သူလယ်သမားများတို့သည် အိန္ဒိယလယ်သမားများနည်းတူ စီးပွားရေးအကူအညီပေးမှုကို ရရှိခဲ့ကြသည်။ ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလတွင် စစ်ကိုင်းခရိုင် မြင်းမူမြို့၌ အသင်းသား ၉၀ ဦးဖြင့် လယ်ယာစိုက်ပျိုးရေးချေးငွေ ထုတ်ပေးနိုင်ရန် ငွေစုငွေချေး သမဝါယမအသင်းကို စတင်ဖွဲ့စည်းခဲ့သည်။

ငွေစုငွေချေး သမဝါယမအသင်းများ တဖြည်းဖြည်း များပြားလာပြီး လေးနှစ်ခန့်အကြာတွင် အသင်းသားများ၏ ရင်းနှီးငွေမပြည့်စုံမှုကို အထောက်အကူပြုရေး၊ နိုင်ငံခြားသား ပွဲစားများကို အားကိုးနေရသော အခြေအနေမှ လွတ်မြောက်ရေးတို့အတွက် ပထမ သမဝါယမဘဏ်ကို ပခုက္ကူမြို့၌ ၁၉၀၉

mgyoe.com

mgyoe.com


ခုနှစ်၊ မေလတွင် အသင်းသား ၄၅ ဦး၊ အစုရှယ်ယာငွေ ၃၉၂၀ ကျပ် မတည်ကာ ဖွဲ့စည်းနိုင်ခဲ့သည်။ လုပ်ငန်းအရှိန်ရလာသည်နှင့် ၁၉၁၀ ခုနှစ်၊ အောက်တိုဘာလတွင် အထက်မြန်မာပြည် သမဝါယမဘဏ်ကို ဒုတိယမြောက် ဗဟိုဘဏ်အဖြစ် မန္တလေးမြို့တွင် တည်ထောင်ခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် တတိယမြောက် ဘဏ်ကို ပဲခူးမြို့၌ တည်ထောင်ခဲ့ပြန်သည်။ ထိုမှ ဆက်လက်၍ မြန်မာပြည်အနှံ့ သမဝါယမဘဏ်များ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။

ထိုသို့ ရှော့ခ်ဒေး သမဝါယမအသင်းမှ စတင်လွှင့်ထူခဲ့သော သမဝါယမအလံသည် မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများ ငွေစုငွေချေးအသင်း ၁၉၀၅ မှတစ်ဆင့် တိုးမြှင့်လွှင့်ထူနိုင်ခဲ့သော်လည်း သမဝါယမစိတ်ဓာတ်၊ သမဝါယမသဘောတရားနှင့် သမဝါယမစရိုက်လက္ခဏာတို့သည် ယင်း အသင်းအဖွဲ့များ မပေါ်ပေါက်မီကပင် မြန်မာ့ လူမှုရေးနယ်ပယ်၌ ရှိခဲ့ပြီး ဖြစ်ပါသည်။ သမဝါယမလုပ်ငန်းသည်တစ်ဦးကောင်း၊ တစ်ယောက်ကောင်း စွမ်းဆောင်၍မရသော ကိစ္စများ၌ စုပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝကို မြှင့်တင်ခြင်းပေတည်း။

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်နှောင်းပိုင်းကာလမှစ၍ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝတွင် မျိုးချစ်စိတ်၊ ဇာတိသွေး ဇာတိမာန် ပြင်းထန်ကြသော မြန်မာတိုင်းရင်းသားတို့ ရရာလက်နက်စွဲကိုင်လျက် နယ်မြေဒေသအနှံ့အပြားတွင် အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ခဲ့ကြသည်။ သို့ရာတွင် တော်လှန်ရေးအင်အားစုများကို တစ်စုတစ်စည်းတည်း စီမံခန့်ခွဲနိုင်မှု မရှိခြင်း၊ ခေတ်မီလက်နက်ကိရိယာများမရှိခြင်းစသည့်အားနည်းချက်များကြောင့် မြန်မာမျိုးချစ်တော်လှန်ရေးသမားများ၏ ဆန့်ကျင်လှုပ်ရှားမှုများ ပြိုကွဲကျဆုံးခဲ့ရသည်။ ဤတွင် မြန်မာတို့၏ အမျိုးသားစိတ်ဓာတ်များကို မြှင့်တင်ပေးပြီး တော်လှန်ရေးသဘောတရားများဖြင့် ပြည်သူတစ်ရပ်လုံး အုံကြွတွန်းလှန်နိုင်ရန် အားမာန်များ မွေးဖွားပေးခဲ့သည့် အသင်းကြီးတစ်သင်း ပေါ်ပေါက်ခဲ့လေသည်။ ထိုအသင်းကြီးမှာ ဝိုင်အမ်ဘီအေ (ခေါ်) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးပင်တည်း။

ထိုအသင်းကြီးကို မြန်မာတို့ သူ့ကျွန်ဘဝရောက်ပြီး အနှစ် နှစ်ဆယ်ခန့်

mgyoe.com